# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၅၀ ခုနှစ်၊ စုံစမ်းရေး ကော်မီတီများ အက်ဥပဒေ။
## [၁၉၅၀ ခုနှစ်၊ အက်ဥပဒေအမှတ် ၄။]
## ၁၃၁၁ ခု၊ တပေါင်းလဆန်း ၁၂ ရက်။
## (၁၉၅၀ ခု၊ ဖေဖေါ်ဝါရီလ ၂၇ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန် ကျေညာသည်။
အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေသည်၊ ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁ ရက် (၁၃၁၁ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်) နေ့မှစ၍ အာဏာတည်စေရမည့်ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတဝန်းလုံးနှင့် သက်ဆိုင်ရမည်။

၂။ ။ ဤအက်ဥပဒေတွင် " စုံစမ်းရေးကော်မီတီ" ဆိုရာ၌၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သော်၎င်း၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ် အစိုးရကသော်၎င်း၊ အထူးကိစ္စတရပ်ရပ်ကို စုံစမ်းရေး အတွက် ခန့်ထားသော အထူးကော်မီတီ၊ သို့တည်းမဟုတ် ကော်မီရှင်အဖွဲ့လည်းပါဝင်သည်ဟု မှတ်ယူရ မည်။

၃။ ။ စုံစမ်းရေး ကော်မီတီတခုခုကို ဖွဲ့စည်းရာ၌၊ ၎င်းကော်မီတီတွင် ပါဝင်ထမ်းရွက်ရန်ဖြစ်သော ပုဂ္ဂိုလ် များနှင့် ဆောင်ရွက်ရန် ကိစ္စရပ်များကို အတည့်အလင်း ဖေါ် ပြလျက်၊ နိုင်ငံတော်သမတက ခန့်ထားရ မည်။ ယင်းသို့ခန့်ထားသည့် အမိန့်ပြဋ္ဌာန်းချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အမိန့်ပြန်တမ်းတွင် ထုတ် ပြန်ကျေညာရမည်။ သို့သော်လည်း၊ ကော်မီတီအဖွဲ့ဝင် တဦးတယောက်သည်၊ မကျန်းမမာ၍ သော်၎င်း၊ အခြားအကြောင်း တခုခုကြောင့်သော်၎င်း၊ တာဝန်ဝတ်တရားများကို ဆက်လက်ဆောင်ရွက်ရန် မတတ်စွမ်းလျှင်၊ ၎င်း၏နေရာ၌ အခြားပုဂ္ဂိုလ်တဦးကို နိုင်ငံတော်သမတက၊ မည်သည့်အခါမဆို ခန့်ထားနိုင်သည်။

၄။ ။ ကော်မီတီ၏ အခွင့်အာဏာများကို ဆောင်ရွက်အသုံးပြုနိုင်ရန်အတွက် စုံစမ်းစစ်ဆေးသည့်အခါ တိုင်း၊ ကော်မီတီအဖွဲ့ဝင်ဦးရေ သုံးပုံနှစ်ပုံအောက်မနည်း ပါဝင်ဆောင်ရွက်ခြင်းရှိစေရမည်။ အကြောင်း ကိစ္စတရပ်ရပ်ကို ဆုံးဖြတ်ရန်အတွက် အခွင့်အရေးအပ်နှင်းခြင်းခံရသည့် စုံစမ်းရေးကော်မီတီဖြစ်လျှင်၊ ၎င်းကိစ္စနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်များသဘောကွဲလွဲခြင်းရှိလျှင်၊ များရာသဘောနှင့်အညီ ဆုံးဖြတ်ရမည်။ ဆုံးဖြတ်ရန် မဲဆန္ဒယူရာ၌ ဆန္ဒမဲညီမျှနေသောအခါ သဘာပတိသည်၊ အနိုင်ပေးဆန္ဒမဲကို ပေးနိုင်ခွင့် ရှိ သည်။

၅။ ။ စုံစမ်းရေးကော်မီတီသည်၊ သင့်သည်ထင်မြင်သည့်အရပ်နှင့် နေ့ရက်များတွင် ရုံးထိုင်ရန် အာဏာရှိ သည်။ ကော်မီတီ၏ စုံစမ်းစစ်ဆေးခြင်းကို တရားရာဇဝတ်ကြောင်း စစ်ကြောဆင့်ဆိုစီရင်သည့် အမှုဟု မှတ်ယူရမည်။

၆။ ။ စုံစမ်းရေးကော်မီတီသည်၊ သက်သေများကို နှုတ်ဖြင့်သော်၎င်း၊ စာဖြင့်သော်၎င်း သက်သေခံရန်ခွင့် ပြုနိုင်သည်။ ဟုတ်မှန်သည့်အတိုင်းထွက်ဆိုရန် သက်သေတိုင်းတာဝန်ရှိသည်။ မုသားသက်သေခံလျှင် ရာဇသတ်ကြီးပုဒ်မ ၁၉၃ အရ

ဖြစ်မှုကျူးလွန်ရာမြောက်သည်။ သို့သော်လည်း ၎င်းသက်သေတို့သည်၊ သက်သေခံအက်ဥပဒေပုဒ်မ ၁၃၂ တွင် ပါရှိသောအခွင့်များကို ရရှိသည်။

၇။ ။ စုံစမ်းရေးကော်မီတီသည်၊ သက်သေခံ အက်ဥပဒေတွင် ပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာရန် တာဝန်မရှိ။ သို့သော်လည်း၊ ၎င်းအက်ဥပဒေ၏ အခြေခံသဘောများကို လိုက်နာနိုင်သရွေ့ လိုက်နာရ မည်။

၈။ ။ သက်သေထွက်ချက်ကို သဘာပတိညွှန်ကြားသည့်အတိုင်း၊ အကျဉ်းချုံး၍ ရေးမှတ်စေပြီးလျှင်၊ ၎င်းမှတ်တမ်းများကို သဘာပတိကိုယ်တိုင် လက်မှတ်ရေးထိုးထားရမည်။ သက်သေခံအဖြစ် လက်ခံ သည့် စာချုပ်စာတမ်းများကို အမှုတွဲတွင် ထည့်သွင်းထားရမည်။ သို့သော်လည်း၊ စုံစမ်းရေးကော်မီတီ သည်၊ မူလစာချုပ်စာတမ်းတခုခုအစား ၎င်းစာချုပ်၏မိတ္တူကို တင်သွင်းခွင့်ပြုနိုင်သည်။

၉။ ။ စုံစမ်းရေးကော်မီတီသည်၊ ကိစ္စတရပ်ရပ်ကို စုံစမ်းရန်အလို့ငှါ၊ အခြားသော အာဏာများအပြင်၊ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍၊ တရားမကျင့်ထုံးဥပဒေအရ၊ တရားရုံးများအား အပ်နှင်းထားသည့် အာဏာများလည်းရရှိစေရမည်။

(က) ဆိုင်ရာအကြောင်းအရာများနှင့် စာချုပ်စာတမ်း စသည်များကို ဖွင့်လှစ်ထုတ်ဖော်စေခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ် ဆင့်ခေါ်ယူခြင်း၊ သက်သေစရိတ်တင်သွင်းရန် ဆင့်ဆိုနိုင်ခြင်း။

(ဂ) စာချုပ်စာတမ်းများကို လာရောက်တင်ပြစေရန် အတင်းအကြပ် ပြုလုပ်ခြင်း၊ လိုအပ်သည့် အခွန် တော်တံဆိပ်ခေါင်း မပါမရှိသည့် စာချုပ်စာတမ်းများကို တရားဥပဒေနှင့်အညီ၊ တံဆိပ်ခေါင်းခွန်နှင့် ဒဏ် ပေးဆောင်ရန် ဆင့်ဆိုနိုင်ခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။

(င) ရက်ချိန်းများပေးခြင်း။

(စ) စာနှင့်ရေးသား၍ ပေးပို့သောကျမ်းကျိန် ထွက်ဆိုချက်များကို လက်ခံခြင်း။

(ဆ) မလာမရောက်နိုင်သော သက်သေများကို၊ ကော်မရှင်ထုတ်၍ စစ်ဆေးခြင်း။

(ဇ) နေရာဌာနများ ကြည့်ရှုစစ်ဆေးခြင်း။

ထိုမှတပါးလည်း၊ အရေးပါအရာရောက်သည့်အကြောင်းအရာများကို သိရှိသည်ဟု ထင်မြင်သဘောရရှိ သောသူများကို၊ စုံစမ်းရေးကော်မီတီသည်၊ မိမိအလိုအလျောက် ဆင့်ဆိုခေါ်ယူ၍ စစ်ဆေးနိုင်သည်။

၁၀။ ။ သက်သေများကို အတင်းအကြပ်ဆင့်ဆိုခေါ်ယူရန် ကိစ္စအလို့ငှါ၊ စုံစမ်းရေးကော်မီတီ၏ စီရင်ပိုင် ခွင့်အာဏာနယ်နိမိတ်များမှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နယ်နိမိတ်များဖြစ်ရမည်။

၁၁။ ။ စုံစမ်းရေးကော်မီတီသည်၊ ရာဇသတ်ကြီးပုဒ်မ ၁၇၅၊ ၁၇၉ နှင့် ၂၂၈ တို့၏အနက်အဓိပ္ပါယ်နှင့် အကျုံးဝင်သော ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။ ထိုမှတပါးလည်း၊ စုံစမ်းရေးကော်မီတီသည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆၊ ၄၈၀၊ ၄၈၁၊ ၄၈၂ နှင့် ၄၈၄ အရ၊ အခွင့်အရေးအပ်နှင်းခြင်းခံရသော တရားမရုံးတော်၏ အခွင့်အာဏာများကို ရရှိ၍ တာဝန်ဝတ်တရားများကိုလည်း ဆောင်ရွက်ရမည်။

၁၂။ ။ သက်သေအဖြစ်လာရောက်ရန် ဆင့်ခေါ် ခြင်းခံရသူမှတပါး၊ စုံစမ်းစစ်ဆေးမှုတွင် အခြား အကြောင်းကိစ္စအတွက် ဆင့်ဆိုခြင်းခံရသူသည်၊ ရှေ့နေရှေ့ရပ်ဖြင့် သော်၎င်း၊ စာရေးသား၍ အခွင့်အရေး လွှဲအပ်သူအားဖြင့်သော်၎င်း တက်ရောက်ခွင့်ရှိသည်။

၁၃။ ။ စုံစမ်းစစ်ဆေးမှုဆုံးခန်းတိုင်ရောက်သည့်အခါ၊ စုံစမ်းရေးကော်မီတီ၏ ဆုံးဖြတ်ချက်များနှင့် ထောက်ခံချက်များကို စာဖြင့်ရေးသား၍၊ အစီရင်ခံစာဆိုင်ရာသို့ တင်သွင်းရန် သဘာပတိက ဆောင်ရွက် ရမည်။ ၎င်းအစီရင်ခံစာကို စုံစမ်းရေးကော်မီတီ အဖွဲ့ဝင်တိုင်း လက်မှတ်ရေးထိုးစေရမည်။ သို့သော် လည်း၊ သဘောကွဲလွဲသည့် ကော်မီတီအဖွဲ့ဝင်တဦး တယောက်သည်၊ မိမိ၏သဘောကွဲလွဲမှုများကို တသီးတခြား ရေးသားဖေါ် ပြနိုင်ခွင့်ရှိသည်။

၁၄။ ။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ရိုးဖြောင့်သော စေတနာဖြင့်ဆောင်ရွက် ပြုလုပ်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက် ပြုလုပ်ရန် ဆင့်ဆိုသည့်အချက်တရပ်ရပ်အတွက်၊ စုံစမ်းရေး ကော်မီတီ အဖွဲ့ဝင် ပုဂ္ဂိုလ်မည်သူကိုမျှ တရားမကြောင်းဖြင့် သော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ တရားစွဲဆိုခြင်း မရှိစေရ။

၁၅။ ။ စုံစမ်းရေးကော်မီတီသို့ဖြစ်စေ၊ ၎င်းကော်မီတီရှေ့တွင်ဖြစ်စေ၊ စာဖြင့်သော်၎င်း၊ နှုတ်ဖြင့်သော်၎င်း၊ တဦးတယောက်သောသူက တင်ပြထွက်ဆိုသည့် သက်သေခံချက်နှင့်စပ်လျဉ်း၍၊ ထိုသူအား နိုင်ငံတော် သမတ၏ ကြိုတင်အခွင့်အမိန့်မရမရှိဘဲ၊ မည်သည့်ရာဇဝတ်ရုံး၊ သို့တည်းမဟုတ် မည်သည့်တရားမ ရုံးတွင်မျှ တရားစွဲဆိုခြင်းမပြုရ။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊

နိုင်ငံတော်ယာယီသမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၁ ခု၊ တပေါင်းလဆန်း ၁၂ ရက်။

(၁၉၅၀ ခု၊ ဖေဖေါ်ဝါရီလ ၂၇ ရက်။)

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၁၈]